# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 16 , 2022 Volume 58, Number 12

**၁၆.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၄၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၉၅.၅ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၄၉၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၉.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၅၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၃.၀၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၉၁၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## Korea– Myanmar Technology Advice and Solutions from Korea (TASK) စီမံကိန်းနှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပပြုလုပ်

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့၊ နေ့လည်(၂:၀၀) Korea– Myanmar Technology Advice and Solutions from Korea (TASK) စီမံကိန်းနှင့်စပ်လျဉ်း၍ အစည်းအဝေးကို ရန်ကုန်မြို့၊ Pan Pacific Hotel တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သော တာဝန်ရှိသူများနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ Korea Food Research Institute (KFRI) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများအား နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို အကူအညီပေးရန်၊ မြန်မာနှင့်ကိုရီးယားနိုင်ငံတို့၏ စားသောက်ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ရည်ရွယ်၍ Korea– Myanmar Technology Advice and Solutions from Korea (TASK) for Food Processing Industry စီမံကိန်းကို မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Korea Food Research Institute (KFRI) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အစည်းအဝေးတွင် Korea Food Research Institute (KFRI) ၊ Project Manager ၊ Dr. Seok– In Hong မှ TASK Project ရှေ့ဆက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခြင်းနှင့် TASK စီမံကိန်းတွင်ပါဝင်သော ကုမ္ပဏီ(၁၀)ခုတို့မှ မိမိတို့ ကြုံတွေ့နေရသော နည်းပညာအခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နေမှုများအား တင်ပြပြီး စက်တင်ဘာလ ၁၆ ရက်နေ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ သက်ဆိုင်ရာအရာရှိများနှင့် KFRI မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုံရှိ Golden Myanmar Honey Co.,ltd ၏ ပျားရည်ထုတ်လုပ်သောစက်ရုံသို့ သွားရောက်လေ့လာ၍ နည်းပညာဆိုင်ရာ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ TASK Project သည် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်ငန်းများတွင် ကြုံတွေ့နေရသော နည်းပညာဆိုင်ရာ အခက်အခဲများကို ကိုရီးယားသမ္မတနိုင်ငံမှ ကျွမ်းကျင်သူများမှ ဆွေးနွေးအကြံပြုပံ့ပိုးဆောင်ရွက်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ စားသောက်ကုန်ထုတ်စက်ရုံများသို့ သွားရောက်လေ့လာခွင့်ရရှိခြင်းတို့ကြောင့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ ထုတ်ကုန်များ၏ အရည်အသွေးနှင့်အစားအစာလုံခြုံဘေးကင်းမှုကို မြှင့်တင်နိုင်မည်

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဖြစ်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်မည့်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဝါဝါထွန်း (ကုန်သွယ်မြှင့်)**

**Source: myantrade.gov.mm**

## K Pay က နိုင်ငံခြားလုပ်သား လစာငွေလွှဲများကို တစ်ဒေါ်လာ ကျပ် ၃၀၀၀ ဖြင့် ငွေလွှဲများ လက်ခံထည့်ပေးမည်ဖြစ်ကြောင်း အတည်ပြု

https://news-eleven.com/article/237344

ကမ္ဘောဇဘဏ် (K Pay) က နိုင်ငံခြားလုပ်သား လစာငွေလွှဲများကို တစ်ဒေါ်လာ ကျပ် ၃၀၀၀ ဖြင့် ငွေလွှဲများ လက်ခံထည့်ပေးမည်ဖြစ်ကြောင်း အတည်ပြုကြောင်း Hana Bank Myanmar Page က ထုတ်ပြန်ထားသည်။

"ထပ်မံအတည်ပြုပြီးဖြစ်ပါတယ်။ လွှဲထားသူများလည်း အတည်ပြုပြီးဖြစ်ပါတယ်။ စာရွက်စာတမ်း ထပ်တောင်းတာမျိုးမရှိ၊ တိုကင်ယူစရာမလို၊ ငွေပမာဏကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါတယ်။ အဆင်မပြေတာရှိ ရင် K Pay နဲ့ တိုက်ရိုက်ချိတ်ဆက် ဆက်သွယ်ပေးတာမို့ တာဝန်ခံကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်" ဟု အဆိုပါ Hana Bank Myanmar Page က ထုတ်ပြန်ထားသည်။

လစာငွေလွှဲဆိုသည်မှာ Hana EZ ထဲတွင် လက်ခံသူစာရင်းသွင်းသည့်အခါ ငွေလွှဲရည်ရွယ်ချက်တွင် လစာကို ရွေးထားပြီး စာရင်းသွင်းထားပါက အသေးစိတ်အချက်အလက်တွင် Salary သို့မဟုတ် ကုတ်နံပါတ် "5200" ဟု ပေါ်နေမည်ဖြစ်ကြောင်း၊ အဆိုပါ စာရင်းသွင်းထားသူအားလုံး K Pay သို့ ပြည်ပငွေလွှဲပြုလုပ်ပါက တစ်ဒေါ်လာလျှင် ကျပ် ၃၀၀၀ ဖြင့် ထည့်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်တွင် ထပ်မံအတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ငွေလွှဲရည်ရွယ်ချက်တွင် တခြားအသုံးစရိတ်နှင့် စာရင်းသွင်းထားခြင်းမျိုးဆိုပါက ကြေညာပေးထားသည့် နှုန်းထားဖြင့် မရနိုင်ခြင်းမျိုးရှိသည့်အတွက် ပြန်လည်စစ်ဆေးပေးရန်၊ အကယ်၍ ရည်ရွယ်ချက် မှားထည့်ထားပါက မိမိစာရင်းသွင်းထားခြင်းကိုဖျက်ပြီး အသစ်ပြန်လည်စာရင်းသွင်းပြီးမှ ငွေလွှဲပြုလုပ်ပေးပါက အထက်ပါနှုန်းထားဖြင့် ကျိန်းသေရရှိနိုင်မည်ဖြစ်ကြောင်း Hana Bank Myanmar Page ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/237344

## ရွှေတုံး၊ ရွှေခဲရောင်းဝယ်ရာတွင် ဘဏ်စနစ်ဖြင့်သာပေးချေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြား

ရွှေတုံး၊ ရွှေခဲအရောင်းအဝယ်ဆောင်ရွက်ရာတွင် ဘဏ်စနစ်ဖြင့်သာ ပေးချေနိုင်ရန်အတွက် ဘဏ်များက ပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောကြားသည်။

စက်တင်ဘာ ၁၄ ရက်က ပြုလုပ်သည့် ရွှေဈေးနှင့်ငွေကြေးဈေးကွက် တည်ငြိမ်ခိုင်မာစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်ခိုင်မာစေရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးက ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ၊ ရွှေတုံး၊ ရွှေခဲအရောင်းအဝယ် ဆောင်ရွက်သည့်အခါ ဘဏ်စနစ်ဖြင့်သာ ပေးချေနိုင်ရန်အတွက် ဘဏ်များက ပံ့ပိုးပေးမည့်အစီအမံများ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က ရွှေနှင့်ငွေကြေးဈေးကွက်တည်ငြိမ်စေရေးအတွက် ဆက်လက်ပံ့ပိုးပေးမည့်အစီအစဉ်များ၊ ရွှေလုပ်ငန်းရှင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောကြားခဲ့သည်။ နေပြည်တော်၌ ရောင်းချနေသည့် ရွှေဒင်္ဂါးပြားအား စက်တင်ဘာ ၁၄ ရက်တွင် တစ်ကျပ်သား ကျပ် ၂၈ သိန်းဖြင့် သတ်မှတ်ရောင်းချပေးနေကြောင်း သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်သူထွန်းက ပြောကြားသည်။

နေပြည်တော်တွင် စက်တင်ဘာ ၅ ရက်မှစတင်၍ တစ်မတ်သား ရွှေဒင်္ဂါးပြား၊ ငါးမူးသား ရွှေဒင်္ဂါးပြားနှင့် တစ်ကျပ်သား ရွှေဒင်္ဂါးပြားများကို ရောင်းချနေခြင်းဖြစ်ပြီး စတင်ရောင်းချသည့်နေ့တွင် တစ်ကျပ်သားလျှင် ကျပ် ၂၉ သိန်းခွဲဖြင့် ရောင်းချခဲ့ကြောင်းနှင့် စက်တင်ဘာ ၁၃ ရက်က တစ်ကျပ်သားလျှင် ကျပ် ၂၈ သိန်းခွဲဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နေပြည်တော်၌သာ ရွှေဒင်္ဂါးပြားများကို ရောင်းချနေသော်လည်း ရန်ကုန်၊ မန္တလေးအစရှိသည့် မြို့ကြီးများတွင်လည်း ရောင်းချရန်အစီအစဉ်ရှိကြောင်းလည်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်သူထွန်းက ပြောကြားထားသည်။

ရွှေဒင်္ဂါးပြားများကို ရောင်းချရာတွင် အလျော့တွက်နှင့်ကုန်ကျစရိတ်အဖြစ် တစ်ကျပ်သား ရွှေဒင်္ဂါးဆိုပါက ကျပ် ၃၈၉၅၀၊ ငါးမူးသား ရွှေဒင်္ဂါးဆိုပါက ကျပ် ၂၅၀၀၀၊ တစ်မတ်သား ရွှေဒင်္ဂါးဆိုပါက ကျပ် ၁၂၅၀၀၀ သတ်မှတ်ထားပြီး ယင်းကို ဘူးဖိုးကောက်ခံသည်ဟု နားလည်မှုလွဲနေခြင်းများရှိကြောင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်သူထွန်းက ပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်းအပေါ် အခြေခံတွက်ချက်ကာ ဈေးနှုန်းသတ်မှတ်၍ ရွှေဒင်္ဂါးပြားများကို ရောင်းချပေးနေခြင်းဖြစ်ကြောင်း The Daily Eleven သတင်းစာ၏ မေးမြန်းမှုအပေါ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးကျော်သူထွန်းက စက်တင်ဘာ ၆ ရက်တွင် ဖြေကြားထားသည်။

နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်တွင် ရွှေဒင်္ဂါးပြားများကို အပတ်စဉ် ရုံးဖွင့်ရက်များဖြစ်သည့် တနင်္လာမှ သောကြာနေ့အထိ ရောင်းချပေးလျက်ရှိပြီး နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် ရုံးပိတ်ရက်များတွင် ရွှေဒင်္ဂါးပြားများကို ရောင်းချမည်မဟုတ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/237336

## ကမ္ဘာ့ထောပတ်သီး ထုတ်ကုန်ဈေးကွက်ရဖို့ တစ်နှစ်တန်ချိန် သိန်းချီလိုအပ်နေသည်ဟုဆို



https://greenwaymyanmar.com

မြန်မာနိုင်ငံအနေနဲ့ ထောပတ်သီးထုတ်ကုန် ကမ္ဘာ့ဈေးကွက်ရဖို့ဆိုရင် တစ်နှစ်ကို တန်ချိန် သိန်းချီပြီးရနိုင်ဖို့ထိလိုအပ်လို့ ထောပတ်စိုက်တောင်သူတွေ ပိုစိတ်ဝင်စားပြီး ပိုစိုက်လာစေချင်တယ်လို့ ထောပတ်သီးဆီနဲ့ အလှကုန်များ ထုတ်လုပ်ဖြန့်ဖြူးနေတဲ့ Shan Orchard Myanmar ရဲ့ မန်နေးဂျင်းဒါရိုက်တာ ဦးနေသန့်ဝင်းက ပြောပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟဲဟိုးမြို့၊ သီခေါင်ကျေးရွာအုပ်စု၊ အောင်မြေခြားကျေးရွာရှိ Shan Orchard Myanmar ကုမ္ပဏီ ထောပတ်သီးအဆီထုတ် စက်ရုံဝင်းအတွင်း စက်တင်ဘာ ၁၄ ရက်မှာ စတင်ကျင်းပနေတဲ့ ထောပတ်သီး စိုက်တောင်သူများ တွေ့ဆုံခြင်းနဲ့ ထောပတ်ဆီထုတ်ကုန်ပြပွဲမှာ တောင်သူများနဲ့ တက်ရောက်လာသူတွေကို ဦးနေသန်းဝင်းက အဲဒီလိုထည့်သွင်းပြောကြားခဲ့တာပါ။ “ကိုယ့်ရဲ့ရည်ရွယ်ချက်က လူတွေ ထောပတ်ကို ပိုစိတ်ဝင်စားပြီး ပိုစိုက်လာဖို့။ ဘာလို့လဲဆိုတော့ အထွက်အများကြီးလိုတယ်။ ကင်ညာ (အာဖရိကနိုင်ငံ) ဆိုရင် တစ်နှစ်ကို တန် ၂ သိန်းလောက် ထွက်တယ်။ ကျွန်တော်တို့က အနည်းဆုံး တစ်နှစ်တန် ၁ သိန်းလောက်ထွက်မှ ကမ္ဘာက ကျွန်တော်တို့ကိုကြည့်မှာ” လို့ ဦးနေသန့်ဝင်းက ပြောလိုက်တာပါ။

အခုပွဲကိုတော့ Shan Orchard Myanmar နဲ့ USAID Feed the Future Burma စိုက်ပျိုးရေးနှင့် အစားအစာ ထုတ်ကုန်စနစ်ဖွံ့ဖြိုးမှုစီမံကိန်း (AFDA) တို့ ပူးပေါင်းပြုလုပ်တာဖြစ်တယ်လို့သိရပါတယ်။ “ကမ္ဘာရဲ့ထောပတ်ထွက် နိုင်ငံတွေကြည့်လိုက်ရင် မြန်မာပြည်မပါသေးဘူး။ နောက်ပြီးတော့ မြန်မာပြည်မှ မဟုတ်သေးဘူး။ အာဆီယံမှာတောင် သိပ်အစိမ်းရောင်မတွေ့ဘူး။ အဲ့ဒါကို ကျွန်တော်ပြောင်းလဲချင်တယ်” လို့လည်း ဦးနေသန့်ဝင်းကဆိုပါတယ်။

မြန်မာနဲ့ ရာသီဥတုပိုင်းဆင်တူတဲ့ ကင်ညာနိုင်ငံဟာ ပြီးခဲ့တဲ့ ၁၀ နှစ်ခန့်ကအထိ ကမ္ဘာ့ထောပတ်သီး ထိပ်တန်းတင်ပို့သူစာရင်းမှာ မပါသေးဘဲ လက်ရှိအချိန်မှာတော့ ထောပတ်ထုတ်ကုန်ထိပ်တန်းအိတ်စပို့ နိုင်ငံတွေထဲမှာ ပါဝင်လာပြီဖြစ်ကြောင်းနဲ့ မြန်မာနိုင်ငံလည်း အဲ့ဒီလိုဖြစ်ချင်တယ်ဆိုရင် ထောပတ်စိုက်တောင်သူတွေ ကိုယ့်ကိုယ်ကိုယ် မေးခွန်းပြန်ထုတ်ဖို့ လိုတယ်လို့လည်း ဦးနေသန့်ဝင်းကပြောပါတယ်။ ကမ္ဘာမှာ ထောပတ်စားသုံးမှုအများဆုံးက မက္ကဆီကိုပဲ။ နံပါတ်နှစ်က အမေရိကန်။

အမေရိကန်က စားသုံးမှုများလို့လည်း ထောပတ်ဈေးကွက်က မြင့်တက်လာတာ။ အိတ်စပို့လုပ်တဲ့ နိုင်ငံတွေထဲမှာတော့ အများဆုံးက မက္ကဆီကို၊ ပြီးတော့ ပီရူး။ နောက်ထပ်ကြည့်လိုက်ရင် ကင်ညာပါနေတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကထိ မပါသေးဘူး။ လူတွေတောင် အဲ့ဒီကနေ ထောပတ်ထွက်တာ မသိကြသေးဘူး။ ကျွန်တော် မေးချင်တာက ကျွန်တော်တို့နိုင်ငံကော ဒီလိုမျိုးဖြစ်ချင်လား။ အသီးတစ်ခု။ တစ်ကမ္ဘာလုံး တန်ဖိုးထားတာ။ အဲ့ဒီဈေးကွက်မှာ ကျွန်တော်တို့ ဝင်ချင်လား။ အဲ့ဒါကို ကျွန်တော်တို့ဖာသာ မေးရမယ်”

ထောပတ်ဆီကောင်းကောင်းထွက်ဖို့ဆိုရင် အသီးက ရင့်ရမှည့်ရမှာဖြစ်သလို မျိုးပေါ်မှာလည်း မူတည်တယ်လို့သိရပါတယ်။ ပုံမှန်အားဖြင့် ထောပတ်သီးဆီ ၁ တန် ထွက်ဖို့အတွက် ဆီကြိတ်မယ်ဆိုရင် ထောပတ်သီး ၁၀ တန်ခန့် လိုအပ်တယ်လို့လည်း သိရပါတယ်။

Shan Orchard Myanmar ကုမ္ပဏီအနေနဲ့ ပြပွဲပထမနေ့မှာ တက်ရောက်လာသူတွေကို ထောပတ်သီး ဆီထုတ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသတာတွေလည်း ပြုလုပ်ခဲ့ပါတယ်။ ဆီကြိတ်ရာကနေ ထွက်ရှိလာတဲ့ ဘေးထွက်ပစ္စည်းတွေကိုတော့ အလှကုန်ပစ္စည်းတွေ ထုတ်လုပ်ရာမှာ ထည့်သွင်းပြုလုပ်နိုင်တယ်လို့ သိရပါတယ်။

ပြပွဲသို့ ကချင်၊ ရှမ်းမြောက်နဲ့ ရှမ်းတောင်က ထောပတ်စိုက်တောင်သူတွေ တက်ရောက်လာသလို စိုက်ပျိုးရေးနည်းပညာနဲ့ သွင်းအားစုဆိုင်ရာအဖွဲ့အစည်းတွေလည်း ပြခန်းတွေ လာရောက်ပြသ ရှင်းလင်းတာတွေ ပြုလုပ်နေတာပါ။

**Source:** https://greenwaymyanmar.com/posts/Avocado_Products_Opportunities

## အိန္ဒိယပို့ကုန်ပိတ်ပင်မှုကြောင့် အာရှတစ်ဝန်း ဆန်အရောင်းအဝယ် ရပ်ဆိုင်းသွား



https://greenwaymyanmar.com

အိန္ဒိယက ဆန်တင်ပို့မှုအပေါ် ပိတ်ပင်ကန့်သတ်လိုက်တဲ့အတွက် အာရှတိုက်မှာ ဆန်အရောင်းအဝယ် ရပ်ဆိုင်းသွားခဲ့ရပါတယ်။ ဝယ်လက်တွေဟာ ဗီယက်နမ်၊ ထိုင်း၊ မြန်မာဘက်ကဆန်တွေကို ပြောင်းလဲဝယ်ယူဖို့လုပ်လာကြပေမဲ့ ရောင်းလက်တွေဘက်ကလည်း ဈေးတွေတက်နေတော့ စာချုပ်မချုပ်ဘဲ ဆိုင်းငံ့ထားကြသေးတယ်လို့ ဆန်လုပ်ငန်းထဲက သူတွေက ပြောပါတယ်။

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး အိန္ဒိယနိုင်ငံဟာ ဆန်ကွဲတင်ပို့မှုကိုပိတ်ပင်ပြီး အခြားအမျိုးအစားများအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းစည်းကြပ်ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာ မိုးနည်းပြီး စပါးအစိုက်ကျဆင်းခဲ့တဲ့အတွက် အစိုးရက ဆန်ရောင်းအား ပြည့်စုံစေဖို့နဲ့ ပြည်တွင်းဆန်ဈေးကျစေဖို့ ယခုလိုဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။

ဆန်ဟာ ယခုနှစ်အတွင်း ပြည်ပတင်ပို့မှု ကန့်သတ်ပိတ်ပင်ခံရတဲ့ ကုန်စည်များစွာရှိတဲ့အနက် နောက်တိုးကုန်စည်ဖြစ်လာပါတယ်။ ယူကရိန်းစစ်ပွဲကြောင့် သီးနှံကုန်သွယ်ရေး အလျင်ပြတ်ခဲ့အပြီး အစိုးရများစွာဟာ သီးနှံရောင်းအားတိုးမြှင့်ရေးနဲ့ စားသောက်ကုန်ဈေး ထိန်းချုပ်ရေးအတွက် သီးနှံတင်ပို့မှုတွေ ပိတ်ပင်ခဲ့ကြပါတယ်။

အိန္ဒိယက ယခုလိုထုတ်ပြန်ကြေညာလိုက်ပြီးနောက် အာရှတိုက်မှာ ဆန်ဈေးတွေ ငါးရာခိုင်နှုန်း ခုန်တက်ခဲ့ပြီး ဒီတစ်ပတ်ထဲမှာ ထပ်မံမြင့်တက်ဦးမယ်လို့ မျှော်လင့်ထားတာကြောင့် ကုန်သည်တွေ အရောင်းအဝယ် မလုပ်ရဲသေးဘဲ ဖြစ်နေကြတာပါ။ "အာရှတိုက်တစ်ဝန်းမှာ ဆန်အရောင်းအဝယ်တွေ ရပ်ဆိုင်းသွားခဲ့ပါတယ်။ ကုန်သည်တွေဟာ တစ်ခုခုကို အဆောတလျင်လုပ်ဖို့ မဝံ့ရဲကြသေးပါဘူး" လို့ အိန္ဒိယရဲ့ အကြီးဆုံးဆန်တင်ပို့လုပ်ငန်း Satyam Balajee ရဲ့ အမှုဆောင်ဒါရိုက်တာ Himanshu Agarwal က ပြောပါတယ်။ "အိန္ဒိယဟာ ကမ္ဘာ့ဆန်ကုန်သွယ်မှုအနက် ၄၀ ရာခိုင်နှုန်းကျော် ရောင်းချပေးနေပါတယ်။ ဒါကြောင့် လာမယ့်လတွေအတွင်း ဆန်ဈေး ဘယ်လောက်တက်မယ်ဆိုတာ ဘယ်သူမှမပြောနိုင်ပါဘူး" ဆန်ဟာ ကမ္ဘာ့လူဦးရေ သန်းသုံးထောင်ကျော်ရဲ့ အခြေခံအစားအစာဖြစ်ပြီး ၂၀၀၇ ခုနှစ်တုန်းကဆိုရင် အိန္ဒိယရဲ့ပို့ကုန်ပိတ်ပင်မှုကြောင့် ကမ္ဘာ့ဆန်ဈေးတွေ စံချိန်တင်အမြင့်ဆုံးအဖြစ် တစ်တန်ကို ဒေါ်လာ ၁၀၀၀ ဝန်းကျင်အထိ မြင့်တက်ခဲ့ဖူးပါတယ်။ အိန္ဒိယဆန်တင်ပို့မှုဟာ ၂၀၂၁ ခုနှစ်တုန်းက တန်ချိန် ၂၁ ဒသမ ၅ သန်းအထိ စံချိန်တင်ရောက်ရှိခဲ့ပြီး အိန္ဒိယပြီးရင် ဆန်တင်ပို့မှုအများဆုံးဖြစ်ကြတဲ့ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နဲ့ အမေရိကန်ပြည်ထောင်စု လေးနိုင်ငံပေါင်း တင်ပို့မှုထက်တောင် ပိုများပါတယ်။

**'ကုန်တင်လုပ်ငန်းများ ရပ်ထားရ'**

အိန္ဒိယဆိပ်ကမ်းတွေမှာလည်း ဆန်သင်္ဘောတင်တာတွေရပ်တန့်ခဲ့ပြီး တန်ချိန်တစ်သန်းနီးပါးလောက် အဲဒီတွေမှာ ပိတ်မိနေပါတယ်။ ဝယ်လက်တွေဘက်က အစောပိုင်း သဘောတူညီထားတဲ့ စာချုပ်ပါဈေးနှုန်းအပြင် အိန္ဒိယအစိုးရ အသစ်စည်းကြပ်လိုက်တဲ့ အခွန် ၂၀ ရာခိုင်နှုန်းကို ထပ်တိုး မပေးချေလိုတာကြောင့် ကုန်တင်လုပ်ငန်းတွေပါ ရပ်ထားရတာပါ။

တချို့ဝယ်လက်တွေ ကြီးမြင့်နေတဲ့ဈေးနှုန်းအတိုင်း အဝယ်စာချုပ်သစ်တွေချုပ်ဖို့ အသင့်ရှိနေပေမဲ့ ရောင်းလက်တွေကတော့ လောလောဆယ် စာမချုပ်သေးဘဲ ဆိုင်းငံ့နေကြတယ်လို့ အိန္ဒိယဆန်လုပ်ငန်း Olam India ရဲ့ ဒုတိယဥက္ကဋ္ဌ Nitin Gupta က ပြောပါတယ်။

အိန္ဒိယပို့ကုန်လုပ်ငန်းတွေက စာချုပ်သစ် ချုပ်ဆိုမှုတွေ ရပ်ဆိုင်းထားကြပေမဲ့ ဝယ်လက်တွေကတော့ ပြိုင်ဘက်ဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ မြန်မာတို့ဆီကဆန်ကို ဝယ်ယူနိုင်ရေး ကြိုးပမ်းနေကြပါတယ်။ အဲဒီနိုင်ငံတွေကလည်း ပြီးခဲ့တဲ့ လေးရက်အတွင်း ငါးမှတ်ဆန်ဖြူ တစ်တန်ကို ၂၀ ဒေါ်လာဝန်းကျင်စီ ဈေးတင်ထားကြတယ်လို့ ကုန်သည်တွေက ပြောပါတယ်။

ဒါပေမဲ့ အဲဒီနိုင်ငံတွေကတောင် ဈေးပိုကောင်းလာမှာကို တွက်ဆထားကြပြီး အရောင်းစာချုပ်တွေ အဆောတလျင် ချုပ်ဆိုဖို့ ဆန္ဒမရှိဖြစ်နေပါတယ်။ "လာမယ့်သီတင်းပတ်တွေမှာ ဈေးနှုန်းတွေ ထပ်တက်လာဖို့ မျှော်လင့်ပါတယ်" လို့ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းစီးတီးမြို့အခြေစိုက် ကုန်သည်တစ်ယောက်က ပြောပါတယ်။ ဗီယက်နမ် ငါးမှတ်ဆန်ဈေးဟာ တနင်္လာနေ့တုန်းက တစ်တန်ကို ဒေါ်လာ ၄၁၀ ပေါက်ခဲ့ရာ ယခင်အပတ်နှုန်းထား ၃၉၀-၃၉၃ ဒေါ်လာထက် မြင့်တက်လာတာဖြစ်တယ်လို့ ကုန်သည်တွေက ပြောပါတယ်။


တရုတ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဆီနီဂေါ၊ ဘီနင်၊ နိုင်ဂျီးရီးယား၊ ဂါနာစတဲ့ အာဖရိကနိုင်ငံတွေဟာ ရိုးရိုးဆန်တင်သွင်းမှု အများဆုံးနိုင်ငံတွေထဲမှာ ပါဝင်ပြီး အီရန်၊ အီရတ်၊ ဆော်ဒီအာရေဗျနိုင်ငံတို့ကတော့ အကောင်းစား ဘာစမာတီဆန်တင်သွင်းလေ့ရှိတာပါ။ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ မကြာသေးခင်က စတင်ခဲ့တဲ့ ရုရှား-ယူကရိန်းစစ်ပွဲတို့ကြောင့် သီးနှံဈေးအများစု မြင့်တက်ခဲ့ပေမဲ့ ဆန်မှာတော့ အထွက်ကောင်းတာရယ်၊ ကုန်ကျန်များတာရယ်ကြောင့် ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း အများအားဖြင့် ကျန်သီးနှံတွေနဲ့ မတူဘဲ ဈေးတည်ငြိမ်နေခဲ့ပါတယ်။

ယခုတော့ အိန္ဒိယမူဝါဒအပြောင်းအလဲကြောင့် ဆန်ဈေးတွေမြင့်တက်ပြီး ဂျုံ၊ ပြောင်းတို့လို ဈေးနှုန်းကြီးမြင့်လာမှာကို ဝယ်လက်တွေ စိုးရိမ်နေကြပြီလို့ မွန်ဘိုင်းမြို့အခြေစိုက် နိုင်ငံတကာကုန်သည်တစ်ဦးက ပြောပါတယ်။

**Ref: India's rice export curbs paralyse trade in Asia as prices rise – Reuters**

https://greenwaymyanmar.com/posts/India_Rice_Export_Curb

## ပြည်တွင်းရှိ ရော်ဘာခြံများ၌ အစေးခြစ်လုပ်ငန်းများ ပြန်လည်စတင်



https://www.myawady.net.mm/node/30372

မိုးရာသီ ကုန်ခါနီးပြီဖြစ်သောကြောင့် ပြည်တွင်းရှိ ရော်ဘာခြံများ၌ အစေးခြစ်လုပ်ငန်းများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်ထံမှ သိရသည်။ မုတ်သုံစတင်ဝင်ရောက်ချိန်မှ မိုးရာသီကာလအတွင်း ရော်ဘာခြံပိတ်ရာသီအဖြစ် သတ်မှတ်ထားလေ့ရှိပြီး စက်တင်ဘာလဆန်းပိုင်းတွင် ခြံဖွင့်ရာသီ ပြန်လည်စတင်ခြင်း ဖြစ်သည်။

ထိုသို့ရော်ဘာအစေးခြစ် လုပ်ငန်းများ ပြန်လည်စတင်ရာတွင် နှစ်စဉ် ခြံငယ်ရှင် အများစုမှာ အစေးခြစ် အလုပ်သမားရရှိမှု အခက်အခဲရှိနေပြီး လတ်တလောတွင် မွန်ပြည်နယ် မုဒုံ၊ ကျိုက်မရော၊ သထုံ၊ ရေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နှင့်မြိတ်မြို့နယ်တို့မှ အလုပ်သမားခေါ်ယူနေရသည့်အပြင် ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှလည်း ခေါ်ယူလျက်ရှိကြောင်း သိရသည်။

“ရော်ဘာခြံလုပ်ငန်းရှင်တွေအနေနဲ့ မိုးစလာလို့ ခြံစပိတ်ကတည်းက ခြံဖွင့်ရာသီအတွက် ကိုယ့်ရဲ့အစေးခြစ် အလုပ်သမားကို ဘယ်လိုသင်တန်းပေးမယ်၊ အလုပ်သမားမြဲအောင် ပံ့ပိုးမှုအနေနဲ့ ဘာတွေလုပ်ပေးမယ် စတာတွေကို ကြိုတင်စီမံထားရ

မှာပါ။ ခြံဖွင့်မှ အလုပ်သမားခေါ်နေရင်တော့ အခက်အခဲရှိမှာပါ။ ရရင်လည်း ကျွမ်းကျင်မှုမရှိတဲ့သူတွေပဲရမှာပါ။ ကိုယ့်ခြံအလုပ်သမားရဖို့ စောစောကတည်းက ချိတ်ဆက်ထားရပါမယ်။ ကျွန်တော်တို့ ခြံကြီးတွေ ကျတော့ အလုပ်သမားတွေကို သင်တန်းပေးတာတွေလုပ်ပါတယ်” ဟု ဦးခိုင်မြင့်ကပြောသည်။

ထို့ပြင် လုပ်ကွက်ကြီးခြံရှင်များမှာ အစေးခြစ်အလုပ်သမားများခေါ်ယူရာတွင် လုပ်ခလစာများသတ်မှတ်ကာ ခေါ်ယူလေ့ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေးခက်ခဲသည့် နေရာတချို့ရှိ လုပ်ကွက်ငယ်ခြံရှင်များမှာ အစေးခြစ်အလုပ်သမားများ ခေါ်ယူရာတွင် မြေသြဇာကျွေးခြင်းအပါအဝင် ကုန်ကျစရိတ်များကို ထက်ဝက်စီကျခံလေ့ရှိကာ အစေးခြစ်ပြီး ရရှိသည့်ရော်ဘာများရောင်းချပြီးမှ အလုပ်ရှင်နှင့်အလုပ်သမား ထက်ဝက်ခွဲဝေယူသည်များလည်း ရှိသည့်အပြင် တချို့ခြံရှင်များမှာ ၆၀ ရာခိုင်နှုန်းနှင့် အလုပ်သမားမှာ ၄၀ ရာခိုင်နှုန်း ခွဲဝေယူသည်များလည်းရှိသည်။

ရော်ဘာကို မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိကာ တစ်နိုင်ငံလုံး၌ ရော်ဘာစိုက်ပျိုးမှုအနေဖြင့် ၉ သိန်းကျော်ရှိပြီး ၉ ရှစ်သိန်းကျော်မှ ရော်ဘာထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/30372

## ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ နေ့စဉ် ငါးခြောက်မျိုးစုံ ပိဿာချိန် ၇၀၀၀၀ ခန့် တင်ပို့ရောင်းချနေရ



Source: ရတနာပုံသတင်းစာ

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ နေ့စဉ် ငါးခြောက်မျိုးစုံ ပိဿာချိန် ၇၀၀၀၀ ခန့် တင်ပို့ရောင်းချနေရကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ငါးခြောက်မျိုးစုံကို ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ စက်တင်ဘာ ၁ ရက်မှစ၍ ယနေ့ (စက်တင်ဘာလ -၁၄) ထိ နေ့စဉ်ပိဿာချိန် ၇၀၀၀၀ ခန့် တင်ပို့ရောင်းချနေရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးခြောက်မျိုးစုံကို တစ်နှစ်ပတ်လုံး တင်ပို့ရောင်းချမှုရှိသော်လည်း စက်တင်ဘာလဆန်းမှစ၍ ဝယ်ယူမှု ပိုမိုအားကောင်းလာခြင်းဖြစ်ပြီး ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက တစ်ရက်လျှင် ငါးခြောက်အစုံပိဿာချိန် ၃၀၀၀၀ ခန့်သာ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးက ရေထွက်ကုန် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်တယ်ဆိုတာက ရန်ကုန်ဘက်ကို အခြားဒေသထွက်ငါးခြောက်တွေ အဝင်နည်းနေတာကြောင့်ပါ။ အရင်က ပိဿာချိန် ၃၀၀၀၀ လောက်ပဲ ဝယ်ယူမှုရှိခဲ့ပါတယ်။ လက်ရှိမှာတော့ ပိဿာချိန် ၇၀၀၀၀ လောက်ထိ ရောင်းအားရှိနေပါတယ်။ ကုန်ပစ္စည်းတွေကို ကုန်းလမ်းကြောင်းကနေတစ်ဆင့် ကုန်တင်ကားနဲ့အဓိက တင်ပို့နေပါတယ်။ ရန်ကုန်ဝယ်လက်တွေကလဲ ကြိုမှာတဲ့အမှာကုန်တွေတောင် ရှိနေပါတယ်။ လက်ရှိ ငါးခြောက်တွေဝယ်လိုအားကောင်းလို့ တင်ပို့အားကောင်းနေပေမဲ့ ငါးဈေးကတော့ တည်ငြိမ်နေပါတယ်” ဟု ဧရာဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးကျော်သက်လင်းက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဟိုင်းကြီးကျွန်း၊ လပွတ္တာ၊ မအူပင်၊ ငပုတော၊ မော်လမြိုင်ကျွန်းစသည့် ဒေသများမှ ထွက်ရှိသော ငါးကွမ်းရှပ်၊ ပင်လယ်ငါးပြေမ၊ ငါးနီတူး၊ ငါးရောင်၊ ငါးပုတ်သင်၊ ငါးဖောင်ရိုးစသည့် ငါးခြောက်များကို အများဆုံး တင်ပို့ရောင်းချနေရကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်တွင်းအခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကုန်စည်ဒိုင်ဈေးကွက်တွင် ပြည်ပဝယ်လက်အဝယ်သွက်နေသည့် မတ်ပဲနှင့် ပဲစင်းငုံ ဈေးကောင်းရရှိနေ



Source: ရတနာပုံသတင်းစာ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကုန်စည်ဒိုင်ဈေးကွက်တွင် ပြည်ပဝယ်လက်အဝယ်သွက်နေသည့် မတ်ပဲနှင့်ပဲစင်းငုံဈေးကောင်းရရှိနေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

ပြည်မြို့ ကုန်စည်ဒိုင်ဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းများမှာ ဩဂုတ်လအတွင်းက တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ အောက်တွင်သာ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာလတွင် မတ်ပဲနှင့်ပဲစင်းငုံဈေးနှုန်းများမှာ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ထိ ဈေးရရှိလာကြောင်း သိရသည်။

မတ်ပဲနှင့် ပဲစင်းငုံပဲများမှာ ပြည်ပဝယ်လက် အဝယ်သွက်နေသဖြင့် ရန်ကုန်မြို့မှ ပြည်ပပို့ကုန်လုပ်ငန်းရှင်များက လာရောက်ဝယ်ယူမှုရှိနေသော်လည်း လှောင်လက်ကုန်သည်များက ဈေးနှုန်းတက်ရိပ်ရှိနေသဖြင့် ထုတ်ရောင်းချမှုမရှိသောကြောင့် ပြည်မြို့ကုန်စည်ဒိုင်ဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးကွက်ရရှိနေကြောင်း၊ မတ်ပဲနှင့်ပဲစင်းငုံကို ပြည်ပဝယ်လက်အဝယ်သွက်နေသဖြင့် အခြားသော ကုန်စည်ဒိုင်ဈေးကွက်များတွင်လည်း ဈေးကောင်းရရှိနေကြောင်းသိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မတ်ပဲနှင့် ပဲစင်းငုံကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ အပတ်စဉ်၊ လစဉ်တင်ပို့ရောင်းချပေးနေရကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၂ ရက်ထိ မတ်ပဲကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၅၀ ဒသမ ၇၀၉ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၀၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၁၁၂ သန်းဖိုးနှင့် ပဲစင်းငုံကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၃၃၅ သန်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅၁၃ သန်းဖိုးထိ တင်ပို့ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## လေးလစာ ပြည်တွင်းစားသုံးမှုအတွက် ဆန်တန်ချိန် လုံလောက်မှုရှိ

ယခုနှစ်မိုးစပါးမှ ဆန်သစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်လာခြင်းကြောင့် ပြီးခဲ့သည့်နှစ်က မိုးစပါး ဆန်အဟောင်းများ ဈေးတည်ငြိမ်နေကြောင်း သိရသည်။

ပြည်တွင်း၌ လက်ကျန်ဆန်နည်းပါးသည်ဆိုသော ကောလာဟလသတင်းများထွက်ပေါ်ပြီးနောက် ဇူလိုင်နှင့်ဩဂုတ်လဆန်းပိုင်းအတွင်း ဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့ရာမှ လက်ရှိတွင် ဈေးနှုန်းဆက်လက်မြင့်တက်ခြင်းမရှိဘဲ ငြိမ်သက်လျက်ရှိသည်။ ပြည်တွင်း၌ ဆန်လက်ကျန်သည် ဩဂုတ်အထိ ဆန်တန်ချိန်ပေါင်း ၃ ဒသမ ၆၃၅ သန်းခန့်ရှိရာ စက်တင်ဘာမှ ဒီဇင်ဘာအထိ လေးလစာ ပြည်တွင်းစားသုံးမှုအတွက် လိုအပ်သော ဆန်တန်ချိန်ပေါင်း ၃ ဒသမ ၁၃၄ သန်းရှိနေခြင်းကြောင့် လုံလောက်မှုရှိကြောင်း၊ မကြာမီကာလတွင် မိုးစပါးထွက်ပေါ်လာတော့မည်ဖြစ်ရာ ပုံမှန်အတိုင်းပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြည်တွင်းစားသုံးမှုသည် ပြီးခဲ့သည့်နှစ်က မိုးစပါးဆန်ဟောင်းကို ဒီဇင်ဘာကုန်အထိ စားသုံးလေ့ရှိကြပြီး ဆန်ကြမ်းစပါးသစ်ပေါ်ထွက်ချိန်၌ မိုးများစွာရွာသွန်းနေသောကြောင့် စပါးသစ်မှ ဆန်ထွက်ပစ္စည်းများ ထွက်ရှိမှုနည်းသွားနိုင်သော်လည်း ဆန်ကြမ်းဈေးကွက်ကို မထိခိုက်နိုင်ကြောင်းသိရသည်။ လက်ရှိဈေးကွက်တွင် ဆန်တစ်အိတ်လက္ကားဈေးနှုန်းမှာ ရွှေဘိုပေါ်ဆန်းမွှေးတစ်အိတ်လျှင် ၉၀၀၀၀ ကျပ်ဝန်းကျင်၊ ပုသိမ်ပေါ်ဆန်းတစ်အိတ်လျှင် ၆၀၀၀၀ ကျပ်ဝန်းကျင်၊ ပေါ်ဆန်းထူးရှယ်တစ်အိတ်လျှင် ၆၈၀၀၀ ကျပ် ဝန်းကျင်ရှိသော်လည်း ဒေသအလိုက်ဈေးနှုန်းများ ကွာခြားကြောင်းသိရသည်။

**Source:MDN**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4994-sufficient-food-for-domestic-consumption-for-four-months.html

# STOCK EXCHANGE (16.9.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Sep. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +500 | +5.62% | 8,900 | 9,400 | 8,900 | 203 | 1,906,700 | 33,109,694 | 311,231 |
| MTSH | 00002 | 3,250 | +100 | +3.17% | 3,150 | 3,250 | 3,150 | 4,185 | 13,290,750 | 38,929,150 | 126,520 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 6 | 46,800 | 10,400,986 | 81,128 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 81 | 1,660,500 | 2,472,053 | 50,677 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 4,804 | 13,451,100 | 12,823,224 | 35,905 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 27 | 71,550 | 19,977,223 | 52,940 |
| AMATA | 00007 | 5,500 | +0 | +0.00% | 5,500 | 5,500 | 5,500 | 265 | 1,457,500 | 10,497,598 | 57,737 |


## Market summary

As of 16th Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.66 | +11.18 | +2.79% | 399.75 | 411.66 | 399.75 | 9,571 | 31,884,900 | 7 | 716,138 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 16th Sep. 2022

| MYANPIX | 411.66 ▲ 11.18 |
|---|---|
| Total Volume (shares) | 9,571 |
| Total Value (MMK) | 32 mil |
| Listed Company | 7 |
| Market Cap. (MMK) | 716,138 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 500 |
| MTSH | 00002 | 3,250 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 5,500 | ▲ 0 |